# ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များပြန်လည်ပေါင်းစည်းခြင်း

## ထုတ်ပြန်ကြေငြာချက်

၂၀၁၄-ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက်

၁။ ကရင်ပြည်သူလူထုများ၏ဆန္ဒနှင့်အညီ မိမိတို့ KNLA၊ KNDO၊ DKBA၊ KNU/KNLA–PC အဖွဲ့များသည် ကော်သူးလေတပ်မတော်( Kawthoolei Armed Forces – KAF)ကို စည်းလုံးညီညွတ်စွာဖြင့် ပြည်လည် ပေါင်းစည်းလိုက်ပါသည်။

၂။ အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို ဗမာစစ်တပ်မှ အကြပ်ကိုင်ခြင်း၊ လက်နက်သိမ်းခြင်း၊ အကြောင်းရှာ တိုက်ခိုက်မှုပြုခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးရဲဘော်များနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်းစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ပြုလုပ်နေပါသည်။

၃။ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် (၃)နှစ်ကျော်ရှိခဲ့ပြီးဖြစ်သော်လည်း မျှော်လင့်ထား သည့်အောင်မြင်တိုးတက်မှုကို မရရှိသည့်အပြင် ဗမာစစ်တပ်မှ ယုံကြည်မှုကိုပျက်ပြားစေသောလုပ်ရပ်များ ပြုလုပ်လာနေသည်ကို ထင်ထင်ရှားရှား တွေ့နေရသည်။

၄။ ဗမာစစ်တပ်မှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် စစ်အရှိန်ပိုမိုတိုးမြှင့်လာသည့်အပြင် ကရင်ပြည်နယ် နှင့်မွန်ပြည်နယ်များတွင်လည်း တိုက်ခိုက်လာပြီ ဖြစ်သည်။

၅။ ယခုကဲ့သို့ ဗမာစစ်တပ်မှ စစ်ရေးလှုပ်ရှားမှုအရှိန်တိုးမြှင့်လာနေသဖြင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းဆောင်ရွက်မှုအပေါ် လွန်စွာစိုးရိမ်ပူပန်မိပါသည်။

၆။ ထို့ကြောင့် မိမိတို့အနေဖြင့် အဖိနှိပ်ခံနေရသောပြည်သူလူထုများအား အကာအကွယ်ပေးနိုင်ရန်အတွက် ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များကို တစုတစည်းတည်း ပြန်လည်ပေါင်းစည်းရခြင်း ဖြစ် ပါသည်။

၇။ ကော်သူးလေတပ်မတော်(KAF)သည် ကရင်အမျိုးသားနှင့်ပြည်သူလူထုတရပ်လုံးကို အကာအကွယ်ပေး မည့်တပ်မတော်ဖြစ်ပြီး ကရင်အမျိုးသားများအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအပြည့်အဝရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်သည်အထိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစုနှင့် ပူးပေါင်းတိုက်ပွဲဝင်သွားမည်။

၈။ ကရင်အမျိုးသားခေါင်းဆောင်ကြီးစောဘဦးကြီး၏မူ(၄)ချက်ကို ခိုင်မာစွာ ကိုင်စွဲကျင့်သုံးသွားမည်။

၉။ မြန်မာနိုင်ငံ၌ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ် ပေါက် လာသည်အထိ မိမိတို့ကော်သူးလေတပ်မတော်(KAF)သည် ပြည်တွင်းပြည်ပအင်အားစုများနှင့် ပူးပေါင်းပြီး အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန်**- (+၆၆) ၉ ၀၁၄၇ ၉၈၉၃